# သင့်စွမ်းအင်အတွက် လျှော့ဈေးရယူလိုက်ပါ

## PGE ၏ Income-Qualified Bill Discount ပရိုဂရမ်ဖြင့်

ကျွန်ုပ်တို့၏ Income-Qualified Bill Discount (ဝင်ငွေနည်း အိမ်ထောင်စုများအတွက် စွမ်းအင်သုံးစွဲခလျှော့ချပေးရေး) ပရိုဂရမ်သည် သင်၏စွမ်းအင်သုံးစွဲမှု*ကို လစဉ် 15% မှ 80% ကြား လျှော့ချမှုရရှိရန် နည်းလမ်းကောင်းတစ်ခုဖြစ်သလို လျှောက်ထားရန်လည်း လွယ်ကူပါသည်။

1. **ရှိရင်းစွဲ လစဉ်ဘေလ် အထောက်အကူ**

   ဤရှိရင်းစွဲ လစဉ်လျှော့ဈေးမှာ ကျွန်ုပ်တို့ထံမှ သို့မဟုတ် အခြားအေဂျင်စီများထံမှ သင်ရရှိထားနိုင်သည့် အခြား အထောက်အကူများကို ထပ်ဆောင်းပေးထားခြင်း ဖြစ်ပါသည်။

2. **သင် အရည်အချင်းပြည့်မီပြီးသား ဖြစ်နိုင်ပါသည်**

   သင့်အိမ်ထောင်စုအရွယ်အစားနှင့် နှစ်စဉ်ဝင်ငွေအပေါ် မူတည်၍ သင်၏လစဉ်လျှော့ဈေးမှာ 15% နှင့် 80% ကြားရှိနိုင်ပါသည်။ အကောင်းဆုံးကိုပြောရလျှင် ယခင်က စွမ်းအင်အထောက်အကူကို သင်ရရှိပြီးဖြစ်ပါက အရည်အချင်းပြည့်မီပြီးသားဖြစ်နိုင်ပါသည်။

3. **လွယ်ကူသော စာရင်းပေးသွင်းမှု**

   လျှောက်ထားရန်အတွက် သင့်ထံမှ မည်သည့်ငွေကြေးဆိုင်ရာ စာရွက်စာတမ်းများကိုမျှ ကျွန်ုပ်တို့ လိုအပ်မည်မဟုတ်ပါ။ သင့်အိမ်ထောင်စုအရွယ်အစားနှင့် ပျမ်းမျှအသားတင် နှစ်စဉ်အိမ်ထောင်စုဝင်ငွေကိုသာ ကျွန်ုပ်တို့ သိရှိရန်လိုအပ်ပါမည်။

4. **လျှောက်ထားရန် လွယ်ကူမှု**

   ကျွန်ုပ်တို့၏ သုံးစွဲသူဝန်ဆောင်မှုအကြံပေးများက သင့်ကို ဘာသာစကား 200 ကျော်ဖြင့် ကူညီပေးနိုင်ပါသည်။ **503-228-6322** ကို ဖုန်းဆက်လိုက်ရုံဖြင့် ကျွန်ုပ်တို့က သင့်အား အစအဆုံး ကူညီပေးသွားပါမည်။ ဒါမှမဟုတ် ရိုးရှင်းသောဖောင်ပုံစံကို ဖြည့်စွက်၍ဖြစ်စေ၊ ကျွန်ုပ်တို့ထံ စာပို့၍ဖြစ်စေ၊ **portlandgeneral.com/formupload** တွင် အပ်လုဒ်လုပ်၍ဖြစ်စေ ဆောင်ရွက်နိုင်ပါသည် (ညွှန်ကြားချက်များကို လျှောက်လွှာဖောင်ပုံစံတွင် ကြည့်ပါ)။

## သင် အရည်အချင်းပြည့်မီပါသလား။ ကြည့်လိုက်ကြရအောင်။

စာရင်းပေးသွင်းမှုကို PGE ၏ အရည်အချင်းပြည့်မီသော သုံးစွဲသူများက ရရှိနိုင်ပါသည်။ သတ်မှတ်ချက်ပြည့်မီမှုကို သင့်အိမ်ထောင်စုအရွယ်အစားအပြင် အသက် 18 နှစ်နှင့်အထက်ရှိသော သင့်အိမ်ထောင်စုဝင်များအားလုံး၏ ပျမ်းမျှအသားတင် နှစ်စဉ်ဝင်ငွေစုစုပေါင်းပေါ်တွင် အခြေခံထားပါသည်။ အသားတင်ဝင်ငွေဆိုသည်မှာ အခွန်မနုတ်ယူမီ သင့်အိမ်ထောင်စုဝင်ငွေကို ဆိုလိုပါသည်။

*ဤလျှော့ဈေးသည် ကျသင့်ပြီးဖြစ်သော သင်၏စုစုပေါင်းလစဉ် ပမာဏအတွက် အကျုံးမဝင်ပါ။ အချို့သောကောက်ခံမှုများသည် လျှော့ဈေးထဲတွင် မပါဝင်ပါ။

အောက်ပါလမ်းညွှန်ချက်များကို အိမ်ထောင်စုအရွယ်အစားနှင့် ဝင်ငွေအားဖြင့် စာရင်းပြုစုထားခြင်း ဖြစ်ပါသည်။

| အိမ်ထောင်စု အရွယ်အစား | လစဉ်အသားတင် ဝင်ငွေ* | ပျမ်းမျှအသားတင် နှစ်စဉ် အိမ်ထောင်စုဝင်ငွေ* |
|---|---|---|
| 1 | $3,198.75 | $38,385 |
| 2 | $4,183.00 | $50,196 |
| 3 | $5,167.17 | $62,006 |
| 4 | $6,151.42 | $73,817 |
| 5 | $7,135.58 | $85,627 |
| 6 | $8,119.83 | $97,438 |
| 7 | $8,304.33 | $99,652 |
| 8 | $8,488.92 | $101,867 |
| 9 | $8,673.42 | $104,081 |
| 10 | $8,858.00 | $106,296 |
| 11 | $9,042.50 | $108,510 |
| 12 | $9,227.08 | $110,725 |
| ထပ်တိုး မိသားစုဝင် တစ်ဦးချင်းစီ | $184.58 | $2,215 |

*အသားတင်ဝင်ငွေဆိုသည်မှာ နုတ်ယူမှုများမပြုလုပ်မီ အိမ်ထောင်စုအတွင်း ဝင်ငွေအားလုံးကို ဆိုလိုပါသည်။

2025 ခုနှစ်၊ အောက်တိုဘာလမှစ၍ ဤကိန်းဂဏန်းများကို ပြည်နယ်အတွင်း ဝင်ငွေအလယ်အလတ်ရှိသော အိမ်ထောင်စု (SMI) 60% နှင့်အောက်ရှိသည့် အသားတင်နှစ်စဉ် အိမ်ထောင်စုဝင်ငွေပေါ်တွင် အခြေခံထားပါသည်။ ဤလမ်းညွှန်ချက်များကို နှစ်စဉ် ဖြည့်စွက်ပြင်ဆင်ပါသည်။

သင့်ဝင်ငွေကို တွက်ချက်ရာတွင်သော်လည်းကောင်း၊ ပရိုဂရမ်အတွက် သတ်မှတ်ချက်များနှင့် ပတ်သက်၍သော်လည်းကောင်း မေးခွန်းများရှိပါက သို့မဟုတ် လျှောက်ထားရာတွင် အကူအညီလိုအပ်ပါက 503-228-6322 ကို ဖုန်းခေါ်ဆိုပါ။ ကျွန်ုပ်တို့ ကူညီပေးရန်အသင့်ရှိပါသည်။

## မေးလေ့မေးထရှိသောမေးခွန်းများ

ထပ်ဆောင်းပရိုဂရမ် အချက်အလက်များကို portlandgeneral.com/pgediscount တွင် (အင်္ဂလိပ်ဘာသာဖြင့်) တွေ့ရှိမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ သုံးစွဲသူဝန်ဆောင်မှုအကြံပေးများက သင့်ကို ဘာသာစကား 200 ကျော်ဖြင့် ကူညီနိုင်ရန် 503-228-6322 ကို ဖုန်းခေါ်ဆိုပါ။

### PGE သည် ကျွန်ုပ်၏ဝင်ငွေနှင့် အိမ်ထောင်စု အချက်အလက်များဖြင့် ဘာလုပ်ပါသလဲ။

- သင့်အချက်အလက်များကို ကာကွယ်ပေးထားပါသည်။ သင်သည် ပရိုဂရမ်အတွက် သတ်မှတ်ချက်ပြည့်မီကြောင်း အတည်ပြုရန်အတွက်သာ သင့်ဝင်ငွေနှင့် အိမ်ထောင်စုအချက်အလက်များကို ကျွန်ုပ်တို့ အသုံးပြုပါသည်။

### ကျွန်ုပ်၏အိမ်ထောင်စုအရွယ်အစား သို့မဟုတ် ဝင်ငွေများ ပြောင်းလဲသွားပါက ဘာဖြစ်မလဲ။

- သင့်အိမ်ထောင်စုအရွယ်အစား သို့မဟုတ် ဝင်ငွေများ ပြောင်းလဲသွားပါက ဖောင်ပုံစံအသစ်တစ်စောင်ကို စာပို့၍သော်လည်းကောင်း၊ အွန်လိုင်းတွင် အပ်လုဒ်တင်ခြင်းဖြင့်သော်လည်းကောင်း သို့မဟုတ် သင်၏ဖြည့်စွက်ပြင်ဆင်ထားသော အချက်အလက်များဖြင့် ကျွန်ုပ်တို့ထံ ဖုန်းခေါ်ဆိုပါ။

### Income-Qualified Bill Discount ပရိုဂရမ်တွင် ပါဝင်နေခြင်းသည် ကျွန်ုပ်၏ စွမ်းအင်အထောက်အကူရရှိနိုင်စွမ်းအပေါ် သက်ရောက်မည်လား။

- မသက်ရောက်ပါ။ ပရိုဂရမ်များမှာ သီးခြားစီဖြစ်၍ စွမ်းအင်အထောက်အကူရရှိခြင်းသည် PGE ၏

သုံးစွဲခလျှော့ချရေးတွင် သင်၏စာရင်းပေးသွင်းနိုင်စွမ်း အပေါ် သက်ရောက်မှုမရှိပါ။ လျှော့ဈေးပရိုဂရမ်တွင် စာရင်းပေးသွင်းသည်နှင့် တစ်ပြိုင်နက် စွမ်းအင် အထောက်အကူအတွက် လျှောက်ထားရယူနိုင်ဦးမည် ဖြစ်ပါသည်။

## စာရင်းပေးသွင်းပြီးနောက် ကျွန်ုပ်ဘာကိုမျှော်လင့်ထားရမလဲ။

- သင့်ဖောင်ပုံစံကို စာဖြင့်ဖြစ်စေ၊ အွန်လိုင်းတွင်ဖြစ်စေ ပေးပို့လျှင်သော်လည်းကောင်း သို့မဟုတ် စာရင်းပေးသွင်းရန် ကျွန်ုပ်တို့ထံ ဖုန်းခေါ်ဆိုလျှင်သော်လည်းကောင်း ပရိုဂရမ်အတွက် သင်အရည်အချင်းပြည့်မီခြင်းရှိမရှိ ကျွန်ုပ်တို့က စိစစ်ကြည့်ရှုသွားမည် ဖြစ်ပါသည်။ သင့်လျှောက်လွှာကို စီစဉ်ဆောင်ရွက်ရန်အတွက် ရက် 30 အချိန်ပေးပါ။
- သင့်ကို အတည်ပြုသည်နှင့်တစ်ပြိုင်နက် သင့်စာရင်းပေးသွင်းမှုနှင့် သင်ရရှိမည့်လျှော့ဈေးရာခိုင်နှုန်းကို အတည်ပြုရန် အီးမေးလ် သို့မဟုတ် စာဖြင့် အသိပေးချက်ပေးပို့သွားပါမည်။
- သတ်မှတ်ချက်ပြည့်မီသော သုံးစွဲသူများဖြစ်ကြောင်း သေချာစေရန် အိမ်ထောင်စုအရွယ်အစားနှင့် ဝင်ငွေ သက်သေများပေးအပ်ရန် သုံးစွဲသူပမာဏအနည်းငယ်ကို နှစ်စဉ်တောင်းဆိုသွားပါမည်။

## အရည်အချင်းပြည့်မီပါက ပရိုဂရမ်အကြောင်း ကျွန်ုပ်တခြားဘာသိထားသင့်သလဲ။

- စာရင်းပေးသွင်းပြီးသည်နှင့် လစဉ်လျှော့ဈေးသည် အချိန်နှစ်နှစ်ကြာမြင့်ပါမည်။ နှစ်နှစ်ပြီးနောက် ထပ်မံစာရင်းပေးသွင်းရန်ဘလိုအပ်သော်လည်း ကျွန်ုပ်တို့က သင့်အား ကြိုတင်သတိပေးချက် ပေးပို့သွားပါမည်။ လျှော့ဈေးသည် စာရင်းပေးသွင်းပြီးနောက် ဘေလ်ကောက်ခံမှုအသစ်များအတွက်သာ အကျုံးဝင်ပါသည်။ လျှော့ဈေးသည် စာရင်းပေးသွင်းမှုမတိုင်မီက ဘေလ်ကောက်ခံမှုများအတွက် အကျုံးမဝင်ပါ။
- သင့်စာရင်းပေးသွင်းမှုကို အတည်ပြုပြီးနောက်တွင် လျှော့ဈေးသည် သင်ပထမဆုံးရရှိသည့်ဘေလ်အတွက် အကျုံးဝင်ပါမည်။
- ဤလျှော့ဈေးသည် ကျသင့်ပြီးဖြစ်သော သင်၏စုစုပေါင်း လစဉ်ပမာဏအတွက် အကျုံးမဝင်ပါ။ အချို့သော ကောက်ခံမှုများသည် လျှော့ဈေးထဲတွင် မပါဝင်ပါ။

## ဝင်ငွေဖြစ်မဖြစ်ကို မည်သည့်အရာများဖြင့် သတ်မှတ်သလဲ။

- ဝင်ငွေဖြစ်မဖြစ်ကို သတ်မှတ်သည့် အတွေ့များသော ဥပမာများအတွက် အောက်ပါဇယားကို ကြည့်ရှုပါ။

### ဤအရာကို ဝင်ငွေအဖြစ် <u>သတ်မှတ်သည်</u>

- ဇနီး/ခင်ပွန်းစရိတ်
- နှစ်စဉ်ထုတ်ပေးငွေ
- ကလေးစရိတ်
- အစုရှယ်ယာအမြတ်များ
- ရရှိသောလုပ်ခ/လစာ
- ကလေးယာယီစောင့်ရှောက်စရိတ်
- စစ်ဘက်လစာ
- ပင်စင်များ
- မူပိုင်ခွင့် အသုံးပြုခများ
- ကိုယ်ပိုင်လုပ်ငန်းဝင်ငွေ (အသုံးစရိတ်များ နုတ်ပြီးနောက်)
- လူမှုဖူလုံရေး
- မသန်စွမ်းများအတွက် လူမှုဖူလုံရေး (SSDI)
- ဝင်ငွေနည်းပြည်သူများအတွက် ထောက်ပံ့ငွေ (SSI)
- Temporary Assistance for Needy Families (TANF)၊ ရင်သွေးရှိသော ဝင်ငွေနည်း မိသားစုများအတွက် ယာယီအထောက်အပံ့)
- အလုပ်လက်မဲ့များအတွက် ထောက်ပံ့ငွေ

### ဤအရာကို ဝင်ငွေအဖြစ် <u>မသတ်မှတ်ပါ</u>

- Energy Assistance (စွမ်းအင်အထောက်အပံ့)
- အထက်တန်းတက်နေသူ သို့မဟုတ် အသက် 18 နှစ်အောက်များအတွက်ဝင်ငွေ
- ဝင်ငွေခွန်ပြန်အမ်းငွေ/အခွန်လျှော့ငွေ
- တစ်ကြိမ်သာပေးသော ငွေသားလက်ဆောင်များ
- အိမ်အပေါင်ချေးငွေ
- Section 8 (အစိုးရက ကူညီပေးသည့် အိမ်အငှားငွေ) သို့မဟုတ် အိမ်အငှားငွေ
- အသုံးစရိတ်ထောက်ပံ့ငွေ
- Women, Infants, and Children (WIC)၊ အမျိုးသမီးများ၊ မွေးကင်းစများနှင့် ကလေးငယ်များအတွက် ကူညီစောင့်ရှောက်ပေးရေးပရိုဂရမ်) အကျိုးခံစားခွင့်များ

# ဘေလ်ပေးဆောင်မှုကို စီမံခန့်ခွဲရာတွင် သင့်အတွက် အထောက်အကူဖြစ်စေမည့် လမ်းညွှန်ချက်များ

လျှပ်စစ်ဘေလ် ပေးဆောင်ရာတွင် တစ်ခါတစ်ရံ အခက်အခဲများရှိနိုင်သည်ကို ကျွန်ုပ်တို့နားလည်ပါသည်။ သင့်လိုအပ်ချက်အပေါ် မူတည်၍ ကျွန်ုပ်တို့ပံ့ပိုးပေးနိုင်သည့် လမ်းညွှန်ချက်နှင့်အစီအစဉ်အမျိုးမျိုး ရှိပါသည်။ အောက်ပါလမ်းညွှန်ချက်များကို ပိုမိုသိရှိလိုပါက portlandgeneral.com/manage-my-bill တွင် ဝင်ရောက်ကြည့်ရှုပါ။ အကူအညီလိုအပ်ပါက ကျွန်ုပ်တို့၏ဖုန်းနံပါတ် 503-228-6322 ကို ခေါ်ဆိုပါ။

## ပြောင်းလွယ်ပြင်လွယ် ငွေပေးချေမှု အစီအစဉ်များ နှင့် ငွေပေးချေရန်နောက်ဆုံးရက်ကို ထပ်တိုးခြင်း

သင်ဘေလ်ပေးဆောင်ရန် အချိန်ပို၍လိုအပ်ပါက သို့မဟုတ် ပိုမို စီမံခန့်ခွဲရလွယ်ကူသောအစီအမံတစ်ရပ်ကို လိုအပ်ပါက သင့်ကို ကူညီရန် ကျွန်ုပ်တို့ရှိပါသည်။ သင့်အွန်လိုင်းအကောင့်ကိုဝင်ကာ သို့မဟုတ် ကျွန်ုပ်တို့၏အလိုအလျောက်ဖုန်းစနစ်ကိုအသုံးပြုကာ ငွေပေးချေမှုအစီအစဉ်တစ်ရပ် သို့မဟုတ် ငွေပေးချေရန် နောက်ဆုံးရက်ကိုထပ်တိုးရန် သင်တောင်းဆိုနိုင်ပါသည်။

## Equal Pay (လစဉ် တူညီသောငွေပမာဏ ပေးချေခြင်း)

လစဉ်ရသုံးမှန်းခြေငွေစာရင်းကို ပိုမိုလွယ်ကူစွာပြုစုနိုင်ရန် လစဉ် တူညီသောငွေပမာဏကို ပေးချေပါ။

## ဘေလ်ကိုနောက်ဆုံးထား၍ပေးဆောင်လိုသောနေ့စွဲ

သင့်အတွက်အဆင်ပြေဆုံးဖြစ်သည့် ဘေလ်နောက်ဆုံးထားပေးဆောင်မည့်နေ့စွဲကို ရွေးချယ်ပါ။

## Medical Certificate အစီအစဉ် (ဆေးဘက်ဆိုင်ရာ အတည်ပြုလက်မှတ်အစီအစဉ်)

သင့်အိမ်ရှိလူတစ်ဦးဦးသည် ဆေးဘက်ဆိုင်ရာလိုအပ်ချက်အတွက် လျှပ်စစ်မီးအပေါ်မှီခိုအားထားနေရပါက သင်သည် အထူးအကူအညီရရှိရန် သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။ မီးပျက်ခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်၊ မီးပျက်သောအခါ လျှပ်စစ်မီးဆက်လက်ရရှိရန်နှင့် တစ်နှစ်ပတ်လုံး ပြောင်းလွယ်ပြင်လွယ် ငွေပေးချေမှုနှင့် ငွေပေးချေမှုနည်းလမ်းများကို သတ်မှတ်ရန် ကျွန်ုပ်တို့အဖွဲ့သည် သင့်ကိုကူညီနိုင်ပါသည်။

## စွမ်းအင်အထောက်အပံ့အစီအစဉ်များ

သင်ဘေလ်ပေးဆောင်ရန် အခက်အခဲရှိနေပါက ရရှိနိုင်သောအကူအညီများအကြောင်း သိရှိနိုင်ရန် 211 ကိုဖုန်းခေါ်ဆိုပါ။

## Weatherization Assistance (အိမ်တွင်း စွမ်းအင်ချွေတာရေးအကူအညီ)

လျှစ်စစ်အသုံးစရိတ်လျှော့ချရန်နှင့် ပိုမိုသက်တောင့်သက်သာရှိစေရန် လျှပ်ကာပစ္စည်း တပ်ဆင်ခြင်း၊ လေယိုပေါက်ပိတ်ခြင်း သို့မဟုတ် သင့်အပူပေးစနစ်ကို ပိုမိုကောင်းမွန်အောင်ပြင်ဆင်ရာတွင် အကူအညီရရှိရန် သင်သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။

**PGE ၏ Income-Qualified Bill Discount ပရိုဂရမ်အပြင် NW Natural၊ Pacific Power သို့မဟုတ် Xfinity တို့ထံမှ အထောက်အကူများအတွက်လည်း သင်သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။**

nwnatural.com/billdiscount၊ pacificpower.net/LID သို့မဟုတ် xfinity.com/internetessentials တို့တွင် ပိုမိုလေ့လာပါ။

# သုံးစွဲသူအတွက် အကာအကွယ်အစီအမံများ

လက်ရှိ သုံးစွဲသူအတွက်အကာအကွယ်အစီအမံအပြည့်အစုံကို portlandgeneral.com/customerprotections တွင် ဝင်ရောက်ကြည့်ရှုပါ။

# Income-Qualified Bill Discount (ဝင်ငွေနည်း အိမ်ထောင်စုများအတွက် စွမ်းအင်သုံးစွဲခလျှော့ချပေးရေး) လျှောက်လွှာ

သင်၏ကနဦးလျှောက်လွှာအတွက် သို့မဟုတ် သင့်အိမ်ထောင်စုအရွယ်အစား သို့မဟုတ် ဝင်ငွေများတွင် အပြောင်းအလဲရှိပါက ဤအချက်အလက်ကို ဖြည့်စွက်ပြင်ဆင်ရန် ဤဖောင်ပုံစံကို အသုံးပြုပါ။

**ပထမအမည်နှင့် နောက်ဆုံးအမည်**
(သင့် PGE ဘေလ်ပေါ်ရှိ အဓိကအမည်)

**PGE အကောင့်နံပါတ်** (ဂဏန်း 10 လုံး)

**ဝန်ဆောင်မှုလိပ်စာ** (အဓိကနေထိုင်ရာ)

**အီးမေးလ်လိပ်စာ**

**ဦးစားပေးဖုန်းနံပါတ်**

**ဦးစားပေးဘာသာစကား**

ကျွန်ုပ်တို့၏ သုံးစွဲသူဝန်ဆောင်မှုအကြံပေးများက သင့်ကို ဘာသာစကား *200* ကျော်ဖြင့် ကူညီပေးနိုင်ပါသည်။ ကျွန်ုပ်တို့၏ ဖုန်းနံပါတ်ဖြစ်သည့် *503-228-6322* ကို ခေါ်ဆိုခြင်းဖြင့်လည်း လျှောက်ထားနိုင်ပါသည်။

**သင့်အိမ်ထောင်စုအတွင်းရှိ တစ်စုံတစ်ယောက်သည် လျှပ်စစ်မီး လိုအပ်သော ဆေးဘက်ဆိုင်ရာ လိုအပ်ချက် ရှိပါသလား။**

စာရင်းပေးသွင်းထားပြီးခြင်းမရှိပါက ကျွန်ုပ်တို့၏ **Medical Certificate အစီအစဉ်** နှင့် ပတ်သက်သည့် အချက်အလက်များ မျှဝေရန် ကျွန်ုပ်တို့က သင့်ကို ဆက်သွယ်ပါမည်။

☐ ဟုတ်သည်

☐ မဟုတ်ပါ

**ဤလျှောက်လွှာ၏ ဒစ်ဂျစ်တယ်ဗားရှင်းအတွက် QR ကုဒ်ကို စကင်န်ဖတ်ပါ။**

# အိမ်ထောင်စုနှင့်ဝင်ငွေအချက်အလက်

သင့်လျှော့စျေးသည် သင့်အိမ်ထောင်စုအရွယ်အစားနှင့် သင့်အိမ်ထောင်စု၏ ပျမ်းမျှအသားတင် နှစ်စဉ်ဝင်ငွေ (အခွန်မနုတ်ယူမီ) အပေါ် မူတည်ပါသည်။

____________

**အိမ်ထောင်စုအရွယ်အစား**

(အရွယ်ရောက်ပြီးသူများနှင့် ကလေးများအပါအဝင် အိမ်ထောင်စုဝင်အားလုံး)

$ ____________

**ကျွန်ုပ်အိမ်ထောင်စု၏ ပျမ်းမျှအသားတင်နှစ်စဉ် ဝင်ငွေ**

**သင့်ဝင်ငွေကို တွက်ချက်ရာတွင် အကူအညီလိုအပ်ပါသလား။**

အောက်ပါအကြံပြုချက်များကိုလေ့လာပါ။

☐ ကျွန်ုပ်သည် လက်ရှိတွင် ပုံသေဝင်ငွေရှိနေပြီး အောက်ပါတို့အနက် တစ်ခုနှင့်အထက်မှ ဝင်ငွေ သို့မဟုတ် အကျိုးခံစားခွင့်များ ရရှိနေပါသည် - လူမှုဖူလုံရေး၊ SSP သို့မဟုတ် SSDI၊ အငြိမ်းစားအကောင့်များမှ အတိုး/အစု ပေါ်အမြတ်များ၊ Medicaid သို့မဟုတ် SSI။

# သင်၏နှစ်စဉ် အိမ်ထောင်စုဝင်ငွေကို တွက်ချက်ပုံ

နာရီပိုင်းလုပ်သားများအတွက် နာရီပိုင်းလုပ်အားခကို တစ်ပတ်လျှင် ပျမ်းမျှအလုပ်ချိန်ဖြင့် မြှောက်ပါ။ ထို့နောက် သင်၏နှစ်စဉ်အသားတင်ဝင်ငွေကိုရရှိရန် (အခွန်များမနုတ်ယူမီ) ထိုနံပါတ်ကို 52 (တစ်နှစ်အတွင်းရှိ ရက်သတ္တပတ်) ဖြင့်မြှောက်ပါ။

သင်၏အိမ်ထောင်စုဝင်ငွေသည် တစ်လနှင့်တစ်လ အပြောင်းအလဲရှိပါက သင်၏ပျမ်းမျှအသားတင် နှစ်စဉ် အိမ်ထောင်စုဝင်ငွေကို တွက်ချက်ရန် ပြီးခဲ့သောလ၏ စုစုပေါင်း ဝင်ငွေကို 12 ဖြင့်မြှောက်ပါ။

သင့်ဝင်ငွေကို တွက်ချက်ရာတွင်သော်လည်းကောင်း၊ ပရိုဂရမ်အတွက် သတ်မှတ်ချက်များနှင့် ပတ်သက်၍သော်လည်းကောင်း မေးခွန်းများရှိပါက သို့မဟုတ် လျှောက်ထားရာတွင် အကူအညီလိုအပ်ပါက **503-228-6322** ကို ဖုန်းခေါ်ဆိုပါ။ ကျွန်ုပ်တို့ ကူညီပေးရန်အသင့်ရှိပါသည်။

**ဥပမာ -**

| | | |
|---|---|---|
| | **$13.50** | (တစ်နာရီလုပ်အားခ) |
| x | **40** | (တစ်ပတ်လျှင် ပျမ်းမျှအလုပ်ချိန်နာရီ) |
| = | **$540** | (တစ်ပတ်ဝင်ငွေ) |
| | ↓ | |
| | **$540** | |
| x | **52** | (တစ်နှစ်လျှင် ရက်သတ္တပတ်) |
| = | **$28,080** | (ဤသည်မှာ သင်၏နှစ်စဉ် အသားတင်ဝင်ငွေ ဖြစ်ပါသည်) |

## ကြေညာချက်

- ဤသည်မှာ ကနဦးလျှောက်လွှာဖြစ်ကြောင်းနှင့် ကျွန်ုပ်၏လျှော့စျေးနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များဖြင့် နည်းလမ်းတကျ စာရင်းပေးသွင်းပြီးနောက်တွင် PGE က ကျွန်ုပ်ထံ ဆက်သွယ်လာမည်ဖြစ်ကြောင်းကို ကျွန်ုပ်နားလည်ပါသည်။
- ကျွန်ုပ်၏ ပျမ်းမျှနှစ်စဉ် အသားတင်ဝင်ငွေ သို့မဟုတ် အိမ်ထောင်စုအရွယ်အစားတွင် အပြောင်းအလဲရှိပါက ကျွန်ုပ်၏အချက်အလက်ကို ဖြည့်စွက်ပြင်ဆင်နိုင်ရန် အွန်လိုင်းတွင် လျှောက်လွှာအသစ်ပေးပို့ခြင်းဖြင့်လည်းကောင်း၊ PGE ၏ ဖုန်းနံပါတ် [503-228-6322](tel:503-228-6322) ကို ခေါ်ဆိုခြင်းဖြင့်လည်းကောင်း PGE ထံ အသိပေးသွားပါမည်။
- အိမ်ထောင်စုဝင်ငွေနှင့် အိမ်ထောင်စုအရွယ်အစားအတွက် အထောက်အထားကို တောင်းဆိုလာပါက ပေးအပ်ရန်လိုအပ်နိုင်ကြောင်းကို ကျွန်ုပ်နားလည်ပါသည်။ PGE အပါအဝင် ဤပရိုဂရမ်ကို အကောင်အထည်ဖော်ရန် PGE ၏ကိုယ်စားလုပ်ကိုင်နေကြသည့် လုပ်ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများက ဤအချက်အလက်ကို ရရှိနိုင်အောင် ပြုလုပ်ပေးမည် ဖြစ်ပါသည်။
- ဤလျှော့စျေးသည် ကျွန်ုပ်၏ယခင်ဘေလ်ကောက်ခံမှုများအတွက် အကျုံးမဝင်ဘဲ စာရင်းပေးသွင်းပြီးနောက် ဘေလ်ကောက်ခံမှုအသစ်များအတွက်သာ အကျုံးဝင်ကြောင်း (စာရင်းပေးသွင်းမှုသည် ရက် 30 အထိ ကြာမြင့်နိုင်သည်) နှင့် ဘေလ်ပေးဆောင်ရန် ရက်ပြည့်သွားသော စုစုပေါင်းပမာဏအတွက် အကျုံးမဝင်ကြောင်း ကျွန်ုပ်နားလည်ပါသည်။ အချို့သောကောက်ခံမှုများသည် ဤလျှော့စျေးထဲတွင် မပါဝင်ပါ။

ဤကြေညာချက်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် ဤလျှောက်လွှာထဲတွင် ကျွန်ုပ်ပေးအပ်ထားသော အချက်အလက်များသည် လုံးဝမှန်ကန်ကြောင်း ကျွန်ုပ်အာမခံပါသည်။ ဤလျှောက်လွှာထဲရှိ အကြောင်းအရာများကို ကျွန်ုပ်ဖတ်ရှုပြီးဖြစ်ကာ နားလည်သဘောပေါက်ကြောင်း ဝန်ခံကတိပြုပါသည်။ ကျွန်ုပ်သည် PGE Income-Qualified Bill Discount စည်းကြပ်ခွန် [portlandgeneral.com/iqbdtariff](https://portlandgeneral.com/iqbdtariff) တွင် ဖော်ပြထားသည့် စည်းမျဉ်းစည်းကမ်းကိုလည်း သဘောတူပါသည်။

______________________________

**အီလက်ထရောနစ်လက်မှတ်** (အမည်အပြည့်အစုံကို ထည့်သွင်းပေးပါ)

## လူစာရင်းအချက်အလက်

အောက်ပါမေးခွန်းကို ဆန္ဒရှိမှသာဖြေဆိုရန်ဖြစ်၍ သတ်မှတ်ချက်ပြည့်မီမှုအတွက် အသုံးပြုမည် မဟုတ်သော်လည်း ကျွန်ုပ်တို့၏သုံးစွဲသူများကို တန်းတူညီမျှဝန်ဆောင်မှုပေးလျက်ရှိကြောင်း ဤမေးခွန်းက သေချာစေမည် ဖြစ်ပါသည်။ အောက်ပါတို့အနက် မည်သည့်အရာက သင့်ကို အကောင်းဆုံးဖော်ပြပါသလဲ။

- ☐ အာဖရိကန်ရွှေ့ပြောင်းအခြေချသူ သို့မဟုတ် ဒုက္ခသည်
- ☐ အာရှလူမျိုး သို့မဟုတ် အာရှဖွား အင်ဒီယန်း
- ☐ လူမည်း သို့မဟုတ် အာဖရိကန် အမေရိကန်
- ☐ လက်တီနို၊ ဟစ်စပန်နစ် သို့မဟုတ် စပိန်လူမျိုး
- ☐ အရှေ့အလယ်ပိုင်းလူမျိုး
- ☐ အမေရိကန်ဌာနေတိုင်းရင်းသား နှင့်/ သို့မဟုတ် အလက်စကာ ဌာနေတိုင်းရင်းသား
- ☐ ဟာဝိုင်ယီဌာနေတိုင်းရင်းသား နှင့်/ သို့မဟုတ် ပစိဖိတ်ကျွန်းသား
- ☐ ဆလာဗစ်
- ☐ လူဖြူ သို့မဟုတ် ကော်ကေးရှန်း
- ☐ အခြား - ____________________
- ☐ မဖော်ပြလိုပါ

## ပေးပို့ရန် အသင့်ဖြစ်ပြီလား။

ဖြည့်ထားသော လျှောက်လွှာကို [portlandgeneral.com/formupload](https://portlandgeneral.com/formupload) တွင် တင်ပါ သို့မဟုတ် **PGE Bill Discount, 7895 SW Mohawk St., Tualatin, OR 97062** သို့ လိပ်မူ၍ စာပို့ပါ။